ISP-MYANMAR
www.ISPMyanmar.com

SPECIAL SERIES
COVID-19 & MYANMAR

၂၀၂၁ ခုနှစ် ဇူလိုင် ၂၉

# မြန်မာနိုင်ငံနှင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံနိုင်မှု အလားအလာ

**အကျဉ်းချုပ်**

- ကမ္ဘာမှာ ကိုဗစ်ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဦးစားပေးပြီး အင်တိုက်အားတိုက်လုပ်ကြ၊ ကာကွယ်ဆေး ထိုးနှံရေးအတွက် မဟာဗျူဟာတွေ ချမှတ်နေကြပေမဲ့ မြန်မာမှာတော့ အရင်းအမြစ် မလောက်ငတာ၊ အာဏာသိမ်းစစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်မှု မလုပ်လိုတာ၊ စစ်ကောင်စီဘက်ကလည်း ပေါင်းစပ်ညှိနှိုင်းမှု မရှိတာတွေကြောင့် တကျောင်း တဂါထာ ဖြစ်နေပါတယ်။
- မြန်မာအဖို့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု COVAX ကနေ ကာကွယ်ဆေးရနိုင်သလို၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံတွေက မျှော်မှန်းလို့ရနိုင်ပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံကနေ ကာကွယ်ဆေး ခြောက်သန်းကို မှာယူထားပါတယ်။ ရုရှားနိုင်ငံကနေလည်း ကာကွယ်ဆေး ခုနစ်သန်း ဝယ်ယူဖို့ ပြင်ဆင်ထားပြီး ကနဦးအနေနဲ့ ကာကွယ်ဆေး နှစ်သန်း ဝယ်ယူဖို့ သဘောတူထားပါတယ်။
- မြန်မာနိုင်ငံမှာ လူပေါင်း ၁ ဒသမ ၇ သန်းကို ကာကွယ်ဆေးထိုးနှံထားပြီး (စုစုပေါင်းလူဦးရေ၏ ၃ ဒသမ ၂ ရာခိုင်နှုန်း)လို့ ဖော်ပြကြပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်း တရုတ်နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) နယ်မြေတွေမှာ ကိုယ်ပိုင်အစီအစဉ်နဲ့ ကာကွယ်ဆေး ထိုးနှံနေပါတယ်။ ကာကွယ်ဆေးရဲ့ လုံခြုံစိတ်ချရမှု၊ ထိရောက်မှု စတဲ့ အရည်အသွေး၊ ထိုးနှံပုံ၊ မှတ်တမ်းမှတ်ရာ ထားရှိပုံကအစ စည်းစနစ်နဲ့ စံသတ်မှတ်ချက် တန်းဝင်ရေးဟာ အရေးပါလာပါတယ်။


အိန္ဒိယနိုင်ငံထုတ် CoviShield ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးရန် ရောဝတီစင်တာမှ ကျန်းမာရေးဝန်ထမ်းတဦး ပြင်ဆင်နေစဉ် (ဓာတ်ပုံ- YE AUNG THU / AFP)

ISP-Myanmar အနေဖြင့် မြန်မာ့အရေးကိုဗစ်အထူးပြု (Special Series) စာစဉ်များကို ၂၀၂၀ ပြည့်နှစ် ဧပြီတွင် စတင်ထုတ်ဝေပြီး အခမဲ့ ဖြန့်ချိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီမှ အောက်တိုဘာအထိ အချိန်ခြောက်လအတွင်း အထူးထုတ်စာစဉ် ငါးစောင် ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် ကိုဗစ်အရေးနှင့် ပတ်သက်၍ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများ အပါအဝင် သုတေသီ ၈၃ ဦး၏ ဆောင်းပါးများ၊ ဘာသာရပ်ဆိုင်ရာ နှံ့စပ်သူ ၁၅ ဦး၏ အင်တာဗျူး ဖြေဆိုချက်များကို ဖော်ပြခဲ့သည်။ အရေအတွက်အားဖြင့် ဆောင်းပါးနှင့် အင်တာဗျူး စုစုပေါင်း ၁၂၀ ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဖော်ပြချက်များကို www.ispmyanmarspecialseries.com ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။

**INFOGUIDE**

## ■ နိုင်ငံအလိုက် ကိုဗစ်ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံနိုင်မည့် အချိန်ကာလ




Economist Intelligence Unit (EIU) ၏ သုံးသပ်ချက်အရ မြန်မာနိုင်ငံ အပါအဝင် လာအို၊ မြောက်ကိုရီးယား၊ တီမောလက်စတီ အစရှိသော နိုင်ငံများသည် ၂၀၂၅ ခုနှစ် အလွန်ကာလမှသာ လူဦးရေ၏ ၆၀ ရာခိုင်နှုန်း ကာကွယ်ဆေး ထိုးနှံပြီးစီးမည်ဟု ဖော်ပြထားသည်။ EIU နှင့် Our World in Data ဝက်ဘ်ဆိုက်မှ အချက်အလက်များကို ကိုးကားတွက်ချက်၍ ဖော်ပြခဲ့သော Nikkei Asia မဂ္ဂဇင်း၏ သုံးသပ်ချက်၌မူ ၂၀၂၃ ခုနှစ် အလွန်မှသာ ကာကွယ်ဆေးထိုးနှံမှု လုံလောက်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ယခုပုံပြကားချပ်မှာ EIU ၏ ခန့်မှန်းတွက်ချက်မှုကို မှီငြမ်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

Source : The Economist Intelligence Unit, Nikkei Asia

- ယခင် NLD အစိုးရ ချမှတ်ထားတဲ့ မူဝါဒအတိုင်း 'မည်သူတစ်ဦးမျှ နောက်မကျန်ရစ်စေရ' သဘောအရ ကာကွယ်ဆေးရရှိခြင်း တန်းတူညီမျှမှုရှိဖို့ လိုအပ်ပါတယ်။ ဘယ်အုပ်စုတွေကို ဦးစားပေး ကာကွယ်ဆေး ထိုးစေမလဲဆိုတာကို ကျန်းမာရေးရှုထောင့်၊ အရင်းအမြစ် လုံလောက်မှုရှုထောင့်၊ လူမှုတရားမျှတမှု (social justice) ရှုထောင့်များကပါ အလေးအနက် ထည့်သွင်းစဉ်းစားရပါမယ်။
- စစ်ကောင်စီက ၂၀၂၁ ခုနှစ်အတွင်း လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်မယ်လို့ မှန်းပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကတော့ မြန်မာ့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး စတင်ထိုးနှံပေးတော့မယ်လို့ ဆိုပါတယ်။
- Economist Intelligence Unit (EIU) ရဲ့ သုံးသပ်ချက်အရ မြန်မာနိုင်ငံအပါအဝင် လာအို၊ မြောက်ကိုရီးယား၊ တီမောလက်စတီ စတဲ့နိုင်ငံတွေဟာ ၂၀၂၅ ခုနှစ် အလွန်ကာလမှသာ လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်း ကာကွယ်ဆေး ထိုးနှံပြီးစီးမယ်လို့ ဖော်ပြပါတယ်။ EIU နဲ့ Our World in Data တွေကို ကိုးကားတွက်ချက်ပြီး ဖော်ပြထားတဲ့ Nikkei Asia ဆောင်းပါး သုံးသပ်ချက်မှာတော့ ၂၀၂၃ ခုနှစ် အလွန်မှသာ ကာကွယ်ဆေးထိုးနှံမှုတွေ လုံလောက်မယ်လို့ ပြောထားပါတယ်။
- ၂၀၂၁ ခုနှစ် မတ်မှာ ကိုဗစ်ကာကွယ်ဆေး နိုင်ငံခြားတင်ပို့မှုကို အိန္ဒိယနိုင်ငံက ရပ်ဆိုင်းလိုက်ပြီး၊ ပြည်တွင်းကူးစက်မှု ထိန်းချုပ်ရေးကို ဦးစားပေးလိုက်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးဆဲ အာရှနိုင်ငံများအဖို့ ကာကွယ်ဆေး ရရှိနိုင်ရေးဟာ ကြီးမားတဲ့စိန်ခေါ်မှု ဖြစ်လာပါတယ်။ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု စတဲ့ အခြားကာကွယ်ဆေး ထုတ်လုပ်သူတွေဆီက ရဖို့ အကန့်အသတ် ရှိနေတဲ့အခါ နိုင်ငံအများစုက တရုတ်နဲ့ ရုရှားထုတ် ကာကွယ်ဆေးတွေအပေါ် ဝယ်လိုအား များနေပါတယ်။

## နောက်ခံအခြေအနေ

ကိုဗစ်ဒုတိယလှိုင်းကာလအတွင်း ယာယီ ထိန်းချုပ်နိုင်ဟန်ရှိတဲ့ အောင်မြင်မှု အပေါ် စိတ်ကျေနပ်နှစ်သိမ့်နေမှု (complacency) ဖြစ်ခဲ့ကြပါတယ်။ အဲဒီကတဆင့် ကာကွယ်ဆေး နှောင့်နှေးနေခြင်း၊ စစ်ဆေးမှုနှုန်းနည်းပါးခြင်းနဲ့ ရင်းမြစ်မသိရတဲ့ ကူးစက်မှုတွေ များပြားလာတာနဲ့ အထူး ကူးစက်ပြန့်နှံ့တဲ့ ဗိုင်းရပ်စ်မျိုးကွဲများ (contagious variants) တွေကြောင့် နိုင်ငံအများစုမှာ ကိုဗစ်တတိယလှိုင်းကို ရင်ဆိုင်လာရပါတယ်။

၂၀၂၁ ခုနှစ် မေလဆန်းပိုင်းမှာဆိုရင် အိန္ဒိယနိုင်ငံမှာ တရက်ကို ကူးစက်မှု လူ ၄၀၀,၀၀၀ ကျော်နဲ့ ကမ္ဘာ့ကူးစက်မှုအများဆုံး စံချိန်ချိုးခဲ့ပါတယ်။ ဇူလိုင်နောက်ဆုံးပတ်အထိ စာရင်းအရဆိုရင် အိန္ဒိယမှာ ကူးစက်မှု စုစုပေါင်း ၃၁ ဒသမ ၄ သန်းနဲ့ သေဆုံးသူ ၄၂၀,၀၀၀ ကျော် ရှိလာပါတယ်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နဲ့ မြန်မာ စတဲ့ နိုင်ငံတွေမှာလည်း ကူးစက်မှု တဟုန်ထိုး မြင့်မားလာပါတယ်။ ကိုဗစ်-၁၉ ပထမလှိုင်းဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလမှာ ထိန်းချုပ်နိုင်မှု စံပြနိုင်ငံတွေဖြစ်ခဲ့တဲ့ ဗီယက်နမ်၊ ထိုင်ဝမ်နဲ့ အရှေ့တောင်အာရှနိုင်ငံများဟာ အောင်လံတွေပြိုလဲကျကုန်ပါတယ်။ ဒီအခါ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေးအတွက် ပိုပြီး အားထုတ်လာကြသလို လူဦးရေအများအပြားကို ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းလာရပါတယ်။

## ကာကွယ်ဆေး မဟာဗျူဟာ (Vaccine Strategy) ဆိုသည်မှာ အဘယ်နည်း

ကာကွယ်ဆေးများ (Vaccines) က ဗိုင်းရပ်စ်ပိုးများကို တိုက်ခိုက်နိုင်ဖို့ ခန္ဓာကိုယ်ထဲက ပဋိပစ္စည်းများ (antibodies) ပရိုတင်းများ ထုတ်လုပ်နိုင်ဖို့ လေ့ကျင့်ပေးပါတယ်။ သဘောကတော့ လူ့ခန္ဓာကိုယ်က ရောဂါပိုးကို တွေ့ရှိပြီးသားသဘော ဖြစ်သွားပါတယ်။ လူသားတွေကို အကြီးအကျယ် မဖျားနာစေဘဲနဲ့ ကာကွယ်ဆေးက အရေးပါတဲ့ ပဋိပစ္စည်းများထုတ်လုပ်ဖို့ လှုံ့ဆော်ထားပေးပါတယ်။ ဤနည်းအားဖြင့် လူတဦးအတွက် ကာကွယ်ပေးထားပြီး ဖြစ်သလို၊ ကူးစက်မှုကွင်းဆက် (chains of transmission) ကိုလည်း ဖြတ်တောက်ပေးပါတယ်။ နိုင်ငံတွေက ဗိုင်းရပ်စ်ပိုး ကာကွယ်ရေးအတွက် လူဦးရေအများစုကို ကာကွယ်ဆေးထိုးနှံပေးဖို့ ကြိုးပမ်းဆောင်ရွက်ကြပါတယ်။

နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ ကာကွယ်ဆေးထိုးနှံရေး မဟာဗျူဟာများကို လေ့လာတဲ့အခါ -

- အရည်အသွေးကောင်းပြီး လုံခြုံဘေးကင်း၊ ထိရောက်တဲ့ အာနိသင် ကာကွယ်ဆေးများ (quality, safety and efficacy) ရရှိရေး ဦးစားပေးကြတာကို တွေ့ရှိရပါတယ်။
- နိုင်ငံတကာ မျက်နှာစာမှာတော့ သွေးစည်းညီညွတ်ရေး အသင်းအဖွဲ့များ၊ ဆက်ဆံရေးကောင်းမွန်မှုအပေါ် မူတည်ပြီး ကာကွယ်ဆေး အမြန်ရရှိနိုင်ရေး (swift access) ဗျူဟာ ချမှတ်ဆောင်ရွက်ကြပါတယ်။ သုတေသန၊ နည်းပညာ စွမ်းဆောင်ရည်ရှိတဲ့ နိုင်ငံတွေက ကိုယ်ပိုင်ထုတ်လုပ်ဖို့လည်း ကြိုးပမ်း၊ အားပေးကြပါတယ်။

**၆ ဒသမ ၂၉**
**ရာခိုင်နှုန်း**

လူဦးရေ တသန်းအပေါ်မူတည်၍ တွက်ချက်သော ကိန်းဂဏန်းများအရ ဇူလိုင် ၂၈ ရက်တွင် (ကိုဗစ်ကြောင့်) မြန်မာနိုင်ငံ၏ သေဆုံးနှုန်းမှာ ၆ ဒသမ ၂၉ ရာခိုင်နှုန်းရှိခဲ့ပြီး အာဆီယံနိုင်ငံများအနက် သေဆုံးမှု အများဆုံးဖြင့် စံချိန်တင်ခဲ့သည်။

- ကာကွယ်ဆေး ရရှိလာတဲ့အခါ တန်းတူညီမျှမှုရှိစွာ ဆေးထိုးနှံပေးရေး (equitable access) ကလည်း အချက်တခု ဖြစ်ပါတယ်။
- ပြည်သူများနဲ့ ယုံကြည်မှု တည်ဆောက်ရေးက အရေးကြီးပါတယ်။ အဆက်မပြတ် ပွင့်လင်းမြင်သာစွာ ဆက်သွယ်နေဖို့ လိုပါတယ်။ ကာကွယ်ဆေး ခွင့်ပြုပေးမိန့်၊ အတည်ပြုမှု၊ အကြံပြုချက်များ၊ ကာကွယ်ဆေး ဘေးကင်းမှုအပေါ် စောင့်ကြည့်လေ့လာနေမှု၊ ဖြန့်ဝေမှု၊ စီမံမှု၊ ဒေတာအချက်အလက် သိမ်းဆည်းမှု စတာတွေကို စဉ်ဆက်မပြတ် ထုတ်ပြန်နေရပါမယ်။ သတင်းအသစ်များဖြစ်ထွန်းနေမှုနဲ့ ဘေးထွက်ဆိုးကျိုးများ စတဲ့ ပုံမှန်ဖြစ်ထွန်းမှုကိုလည်း တင်ပြဖို့လိုအပ်ပါတယ်။ သတင်းမှားတိုက်ဖျက်ရေးဟာလည်း အရေးကြီးပါတယ်။
- ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများကိုလည်း ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ပညာပေး၊ ဖြည့်ဆည်းနေဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးစနစ်တခုလုံးနဲ့ ပတ်သက်လို့ ချိတ်ဆက်ဆောင်ရွက်မှုတွေကိုလည်း စဉ်းစားရပါမယ်။
- လူတဦးချင်း၊ ရပ်ရွာလူထု အဖွဲ့အစည်းတွေနဲ့ အင်အားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်တဲ့နည်းလမ်း (inclusive way) နဲ့ သူတို့ နားထောင်လာအောင်၊ ယုံကြည်မှု ရရှိနိုင်အောင်၊ ပူးပေါင်းဆောင်ရွက်မှု ရရှိနိုင်အောင် လုပ်ဖို့ကတော့ သိပ်ကိုအရေးကြီးပါတယ်။

INFOGUIDE

### အာဆီယံနိုင်ငံများ၏ ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုပြီးစီးခြင်း အခြေအနေ

(၂၀၂၁ ခုနှစ် ဇူလိုင် ၂၇ ရက်အထိ ရရှိသော တရားဝင် အချက်အလက်များအရ)




၂၀၂၁ ခုနှစ် ဇူလိုင် ၂၇ ရက်အထိ ရရှိသော အချက်အလက်များအရ အာဆီယံနိုင်ငံများ၏ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေ ဖြစ်ပါသည်။ ယခု ကိန်းဂဏန်းများသည် Our World in Data ဝက်ဘ်ဆိုက်မှ အချက်အလက်များအား ကိုးကားထားခြင်းဖြစ်သည်။ ယခုပုံပြကားချပ်တွင် ပါဝင်သည့်နိုင်ငံများ မြန်မာနိုင်ငံမှအပ) ၏ အချက်အလက်များသည် Our World in Data ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ကိန်းဂဏန်းများကို ရယူထားခြင်းဖြစ်သည်။ Our World in Data က ရရှိထားသော အချက်အလက်များအရ မြန်မာနိုင်ငံတွင် ကိုဗစ်ကာကွယ်ဆေး တကြိမ်ထိုးနှံပြီးသူ ၀ ဒသမ ၆ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုပါသည်။ သို့သော် စစ်ကောင်စီက တရားဝင်ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးသူ ၁ ဒသမ ၇ သန်း ရှိပြီဟု ဆိုထားသဖြင့် နိုင်ငံ့လူဦးရေ၏ ၃ ဒသမ ၂ ရာခိုင်နှုန်းကျော် ထိုးပေးပြီးဖြစ်သည်ဟု ယူဆနိုင်ပါသည်။

Source : Official data collated by Our World in Data

INFOGUIDE

## ကိုဗစ်ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်နှင့် ပတ်သက်၍ NLD အစိုးရအစီအစဉ်နှင့် အာဏာသိမ်းစစ်ကောင်စီ၏ အစီအစဉ်တို့အား နှိုင်းယှဉ်ချက်ဇယား

| NLD အစိုးရ၏ ကိုဗစ်ကာကွယ်ဆေးအစီအစဉ် | စစ်ကောင်စီ၏ ကိုဗစ်ကာကွယ်ဆေးအစီအစဉ် |
|---|---|
| • ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာတွင် ကုလသမဂ္ဂနှင့် GAVI ၏ အစီအမံအောက်မှ ပေးသော COVAX အစီအစဉ်အရ မြန်မာနိုင်ငံအတွက် ကာကွယ်ဆေး ခွဲတမ်း ရရှိရန် လျှောက်လွှာတင်ခဲ့။ | • အာဏာသိမ်းပြီးနောက်ပိုင်း အသက် ၆၅ နှစ် အထက် ပြည်သူများအား ကာကွယ်ဆေးထိုးပေးမည်ဟု ကြေညာ။ လာထိုးသူ နည်းပါးသဖြင့် မည်သူမဆို လာထိုးနိုင်ကြောင်း ပြောင်းလဲကြေညာ။ |
| • ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၄၀ ရာခိုင်နှုန်းကို ကိုဗစ်ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်ရွယ်ထားပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထိုးပေးရန်ပြင်ဆင်ခဲ့။ | • အာဏာသိမ်းပြီး ခြောက်ရက်အကြာတွင် ရုရှားထုတ် Sputnik V ကိုဗစ်ကာကွယ်ဆေးကို မြန်မာဘက်က တရားဝင်မှတ်ပုံတင် အသိအမှတ်ပြုခဲ့။ |
| • ကျန် ၆၀ ရာခိုင်နှုန်းအနက် ၄၀ ရာခိုင်နှုန်းကို COVAX Facility မှ ရရှိရန် မျှော်မှန်းထားပြီး ကျန် ၂၀ ရာခိုင်နှုန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အသိအမှတ်ပြု ကုမ္ပဏီများမှ ဝယ်ယူရန်စီစဉ်ခဲ့။ | • မတ်လအတွင်းမှာပင် ကိုဗစ်ကာကွယ်ဆေး ထိုးမည့်အုပ်စု၊ အသက်အရွယ် အပိုင်းအခြား စသော လိုအပ်ချက်များကိုပေးရန် စစ်ကောင်စီက ငြင်းဆန်သဖြင့် COVAX အစီအစဉ်အရ ကာကွယ်ဆေး ၅ ဒသမ ၅ သန်း ပေးမည့်အစီအစဉ်ကို ရပ်ဆိုင်းထားဟု ကုလသမဂ္ဂကပြောခဲ့။ |
| • တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံများမှ WHO အသိအမှတ်ပြု လက်မှတ်ရရှိထားသော ကာကွယ်ဆေးများ ဝယ်ယူရန် သံရုံးများနှင့်ဆွေးနွေး။ | • မေလတွင် Sinopharm အမျိုးအစား ကာကွယ်ဆေး ၅၀၀,၀၀၀ ကို တရုတ်နိုင်ငံက ပေးပို့ခဲ့။ ၃၀၀,၀၀၀ သည် NLD အစိုးရလက်ထက် မြန်မာနိုင်ငံအားပေးရန် ကတိပြုထားခြင်းဖြစ်။ ကျန် ၂၀၀,၀၀၀ မှာ တပ်မတော်အတွက် ပေးခြင်းဖြစ်။ |
| • အိန္ဒိယနိုင်ငံ Serum Institute မှ ထုတ်သော Covishield ကိုဗစ် ကာကွယ်ဆေး သန်း ၃၀ ဝယ်ယူရန် သဘောတူညီမှုရခဲ့။ လက်ဆောင်အနေဖြင့် ကာကွယ်ဆေး ၁ ဒသမ ၅ သန်းကို ဇန်နဝါရီ ၂၂ ရက်တွင် အိန္ဒိယက ပေးပို့ခဲ့။ | • ဇွန်လတွင် ရုရှားထုတ် Sputnik V ကိုဗစ်ကာကွယ်ဆေး ခုနစ်သန်းဝယ်ရန် ပြင်ဆင်ခဲ့ပြီး ကနဦး နှစ်သန်းဝယ်ယူရန် သဘောတူခဲ့။ |
| • ဇန်နဝါရီ ၂၇ ရက်တွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ကျန်းမာရေးဝန်ထမ်းများ၊ လွှတ်တော်အမတ်များ၊ အစိုးရဝန်ထမ်းများကို ကိုဗစ်ကာကွယ်ဆေး စတင်ထိုးပေးခဲ့။ ပြည်သူများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ထိုးပေးမည်ဟု ကြေညာ။ | • ဇူလိုင် ၁၈ ရက်အထိ လူဦးရေ ၁ ဒသမ ၇ သန်း ကျော်ကို ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း ပြောခဲ့။ |
| • ကိုဗစ်ကာကွယ်ဆေးထိုးရာ၌ Stay at home ကြေညာထားသော မြို့နယ်များမှ လူဦးရေ ၁၁ သန်းကို အဓိကထား ထိုးပေးမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့။ | • ဇွန်လကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ Sinopharm ကိုဗစ်ကာကွယ်ဆေး ခြောက်သန်း လက်ခံရရှိမည်ဟုကြေညာ။ လေးသန်း (Sinovac ကုမ္ပဏီမှ နှစ်သန်း၊ Sinopharm မှ နှစ်သန်း)ကို ဝယ်ယူပြီး ကျန်နှစ်သန်းကို တရုတ်က လှူဒါန်းခဲ့။ ဇူလိုင် နောက်ဆုံးပတ်အတွင်း သုံးသန်း ရရှိခဲ့ပြီး Sinopharm နှစ်သန်းနှင့် Sinovac တသန်းဖြစ်။ |
| • ကိုဗစ်ကာကွယ်ဆေးထိုးရန် ဦးစားပေးအစီအစဉ်အရ ဦးတည်အုပ်စုများ သတ်မှတ်ခဲ့ပြီး အလုပ်အကိုင် အမျိုးအစားအလိုက် စာရင်းကောက်ယူခဲ့။ ဦးတည်အုပ်စုအမျိုးအစား ၂၀ သတ်မှတ်ခဲ့။ | • ကာကွယ်ဆေးကို မြန်မာနိုင်ငံ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုး စီမံချက်အရ ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးပေးမည်ဟုဆို။ ဦးတည်အုပ်စု အမျိုးအစား ၁၃ ခု သတ်မှတ်ခဲ့။ ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံ့ လူဦးရေ ၅၀ ရာခိုင်နှုန်း ထိုးပေးရန် ရည်ရွယ်ထားပြီး ဆေးရရှိမှုအပေါ်မူတည်၍ ၅၅ ရာခိုင်နှုန်းအထိ ထိုးပေးမည်ဟုဆို။ |

### ကာကွယ်ဆေး မဟာဗျူဟာ လိုအပ်ပါသလား

သြဇာကြီးမားတဲ့ The Economist မဂ္ဂဇင်းက ဆွေးနွေးခဲ့တဲ့ ကိုဗစ်ကပ်ဘေးအလွန် စီးပွားရေးပြန်လည်ထူထောင်မှုမှာ ဖြစ်နိုင်မယ့် အကျိုးဆက်တွေထဲက ပထမဆုံးတခုက ကာကွယ်ဆေး ရရှိပြီးသူတွေနဲ့ မရသေးသူတွေကြားက ခြားနားမှုဖြစ်ပါတယ်။ နိုင်ငံအလိုက် ကွာခြားမှုရှိသလို၊ လူတဦးချင်းအလိုက်လည်း ကွာခြားမှုရှိမှာ မလွဲမသွေပါပဲ။

**၄,၆၇၆**

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၈ ရက်အတွင်း စစ်ကောင်စီက ထုတ်ပြန်သော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ကိုဗစ်ကြောင့် သေဆုံးရသူ ၄,၆၇၆ ဦး ရှိလာသည်။ မြေပြင်အခြေအနေများအရ သေဆုံးမှုမှာ ယခုထက် ပိုမိုများပြားနိုင်သည်။

ကာကွယ်ဆေး ထိုးနှံရရှိခြင်းက လူတဦးချင်းရဲ့ လူမှု ဆက်ဆံရေးဘဝအတွက် အရေးကြီးပါတယ်။ ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်မယ့်အပြင်၊ လူ လူချင်း ပေါင်းသင်းဆက်ဆံရေး၊ ထုတ်လုပ်မှု၊ လူမှုအသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

တသီးပုဂ္ဂလ လူတဦးချင်းရဲ့ဘဝ၊ ထုတ်လုပ်နိုင်စွမ်းရှိတဲ့ ဘဝ (Productive Life) အတွက်လည်း အရေးကြီးပါတယ်။ လူတဦးချင်း ထုတ်လုပ်နိုင်စွမ်းရှိမှသာ စီးပွားရေး ဘဝကို ရရှိနိုင်မှာဖြစ်ပါတယ်။ အလားတူ နိုင်ငံတခုရဲ့ထုတ်လုပ်နိုင်စွမ်းအတွက်လည်း အရေးကြီးပါတယ်။ ခနဥစ္စာတောင့်တင်းတဲ့ နိုင်ငံတွေအဖို့ လူတိုင်းကို ကာကွယ်ဆေး ထိုးပေးနိုင်ပြီး၊ စီးပွားရေး (Economy) ကို ပြန်လည်စတင်နိုင်ပြီ ဖြစ်ပါတယ်။ ချို့ငဲ့တဲ့ နိုင်ငံများအဖို့ ရောဂါကူးစက်မှုသံသရာမှာ ဆက်ပြီး ရုန်းကန်နေကြရဦးမှာ ဖြစ်ပါတယ်။ တခါ သင်ယူလေ့လာရေး (Learning) အတွက်လည်း အရေးကြီးပါတယ်။ လုံခြုံစိတ်ချရတဲ့ သင်ယူလေ့လာရေးအတွက် ကာကွယ်ဆေးရရှိရေးဟာ ကလေးတွေ၊ ကျောင်းဆရာ၊ ဆရာမတွေအတွက် အရေးကြီးလာပါတယ်။ ဒီလို အခြေအနေတွေကြောင့်ပဲ နိုင်ငံအများက ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ကို မဟာဗျူဟာချမှတ်ကြိုးပမ်းနေကြသလို ဒါတွေကို အလျင်အမြန် ဖော်ဆောင်နိုင်ဖို့ ကာကွယ်ဆေး မဟာဗျူဟာလည်း လိုအပ်ပါတယ်။

## ကာကွယ်ဆေးရနိုင်သည့် ရင်းမြစ်များ

အစောပိုင်းမှာ ဖွံ့ဖြိုးဆဲ အာရှနိုင်ငံများအဖို့ အိန္ဒိယကထုတ်တဲ့ ကာကွယ်ဆေးကို မျှော်ကိုးခဲ့ကြပါတယ်။ အိန္ဒိယက ပြည်ပတင်ပို့မှုရပ်စဲပြီး ပြည်တွင်းကိုသာ ဦးစားပေးတဲ့မူဝါဒ ချမှတ်လာတဲ့အခါ အခက်အခဲ တွေ့ကြရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကမ္ဘာ့ကုလသမဂ္ဂ (UN) က ဦးဆောင်တဲ့ COVAX ခေါ်တဲ့ ကာကွယ်ဆေးရရှိရေးအစီအစဉ် ရှိပါတယ်။ COVAX ကတော့ ဝင်ငွေ အလယ်အလတ်ရှိတဲ့ နိုင်ငံများ၊ ဝင်ငွေနည်းနိုင်ငံများ ကာကွယ်ဆေး ရရှိနိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ် (WHO)၊ ဥရောပကော်မရှင်၊ ပြင်သစ်အစိုးရတို့ စတင်တည်ထောင်ပြီး၊ Gavi, the Vaccine Alliance, the Coalition for Epidemic Preparedness Innovations, WHO တို့ ပါဝင်ကြပါတယ်။ COVAX က သူ့ရဲ့ကာကွယ်ဆေး ၈၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံက ရယူတာကြောင့် နောက်ထပ် ကာကွယ်ဆေးရရှိရေး အခက်အခဲများလည်း ရှိနေပါတယ်။

မြန်မာနိုင်ငံအဖို့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု COVAX ကနေ ကာကွယ်ဆေး ရရှိနိုင်သလို၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံတွေက မျှော်မှန်းလို့ရနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ကိုဗစ်တတိယလှိုင်းဖြစ်ပြီး နောက်ပိုင်း တရုတ်နိုင်ငံကနေ ကာကွယ်ဆေးခြောက်သန်းကို မှာယူထားပါတယ်။ ဒီအထဲကမှ လေးသန်း (Sinovac ကုမ္ပဏီမှ နှစ်သန်း၊ Sinopharm မှ နှစ်သန်း) ကို ဝယ်ယူခဲ့ပါတယ်။ နှစ်သန်းကို တရုတ်က လှူခဲ့တာဖြစ်ပြီး ကာကွယ်ဆေး သုံးသန်းတော့ ရောက်လာပါပြီ။ ရုရှားနိုင်ငံကနေလည်း ကနဦးအနေနဲ့ ကာကွယ်ဆေး နှစ်သန်း ဝယ်ယူဖို့ သဘောတူညီမှုရထားပြီး ခုနစ်သန်း ဝယ်ယူဖို့ ညှိနှိုင်းမှုတွေ လုပ်နေတယ်လို့ သတင်းတွေမှာ ဖော်ပြပါတယ်။

အမှန်တော့ ဝင်ငွေနည်းနိုင်ငံတခုအဖို့ ကာကွယ်ဆေးရရှိရေးအတွက် ရွေးချယ်စရာ မရှိပါဘူး။ အခုအခြေအနေအတိုင်းဆိုရင် တရုတ်နဲ့ ရုရှား ကာကွယ်ဆေးတွေကို အားထားရဖို့ဖြစ်နိုင်ပါတယ်။ အာရှတိုက်မှာ နိုင်ငံ ၁၉ ခုက တရုတ်ကာကွယ်ဆေးတွေ သုံးနေပြီး၊ နိုင်ငံကိုးခုက ရုရှားကာကွယ်ဆေးကို အသုံးပြုနေကြပါတယ်။ ရုရှားနိုင်ငံက Sputnik V ကာကွယ်ဆေးကို အာရှနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာ ထုတ်လုပ်ဖို့လျာထားပြီး၊ တရုတ်ကာကွယ်ဆေးကိုလည်း အင်ဒိုနီးရှားနဲ့ မလေးရှားအပါအဝင် အခြားအာရှနိုင်ငံ ၁၀ ခုမှာ ထုတ်လုပ်ဖို့ ပြင်ဆင်နေကြပါတယ်။

INFOGUIDE

## ကိုဗစ်ကာကွယ်ဆေး အမျိုးအစားများ

| | အတည်ပြုသော နိုင်ငံပေါင်း | ထုတ်လုပ်သော နိုင်ငံ | ဆေးထိရောက်မှုနှင့် အကြိမ်ရေ | ကာကွယ်ဆေး ဖွဲ့စည်းပုံ | WHO အတည်ပြုခြင်း ရှိ/မရှိ |
|---|---|---|---|---|---|
| **AstraZeneca** | ၁၁၉ | အင်္ဂလန် | ၇၀.၄ - ၈၂.၄% နှစ်ကြိမ် (၄-၁၂ ပတ်ခြား) | Viral vector | အတည်ပြု |
| **Pfizer-BioNTech** | < ၉၀ | အမေရိကန် ဂျာမနီ | ၈၁.၈ - ၉၅ % နှစ်ကြိမ် (သုံးပတ်ခြား) | mRNA | အတည်ပြု |
| **Sputnik V** | < ၆၅ | ရုရှား | ၉၁.၁ - ၉၁.၅ % နှစ်ကြိမ် (သုံးပတ်ခြား) | Viral vector | နိုင်ငံ ၆၀ ကျော် သုံးနေပြီး စိစစ်ဆဲ |
| **Sinopharm** | < ၅၀ | တရုတ် | ၇၉.၃% နှစ်ကြိမ် (လေးပတ်ခြား) | Inactivated virus | အတည်ပြု |
| **Moderna** | < ၅၀ | အမေရိကန် | ၉၄.၁% နှစ်ကြိမ် (လေးပတ်ခြား) | mRNA | အတည်ပြု |
| **Johnson & Johnson** | < ၅၀ | အမေရိကန် | ၆၆.၉% တကြိမ် | mRNA | အတည်ပြု |
| **Covishield** | < ၄၀ | အိန္ဒိယ | ၇၀ - ၉၀% နှစ်ကြိမ် (လေးပတ်မှရှစ်ပတ်) | India version of AstraZeneca (Viral vector) | အတည်ပြု |
| **Sinovac** | < ၃၀ | တရုတ် | ၄၉.၆ - ၅၀.၇% နှစ်ကြိမ် (သုံးပတ်ခြား) | Inactivated virus | အတည်ပြု |
| **Covaxin** | < ၁၀ | အိန္ဒိယ | ၇၇.၈% နှစ်ကြိမ် (လေးပတ်ခြား) | Inactivated virus | အတည်မပြုရသေး |
| **CanSinoBio** | < ၁၀ | တရုတ် | ၆၅.၇% တကြိမ် | modified adenovirus Type-5 | အတည်မပြုရသေး |
| **Novavax** | - | အမေရိကန် | နှစ်ကြိမ် (သုံးပတ်ခြား) | mRNA | အတည်မပြုရသေး |

မှတ်ချက် - **အတည်ပြုထားသော နိုင်ငံများ**စာရင်းသည် နိုင်ငံဖြတ်ကျော်ခရီးသွားရန်အတွက် အတည်ပြုခြင်းကို ဆိုလိုပါသည်။ **ဆေးထိရောက်မှုနှင့် အကြိမ်ရေ**တွင်မူ ဆေးထုတ်လုပ်သူများ၏ ထိရောက်မှုကို နှိုင်းယှဉ်၍ မရနိုင်ပါ။ အကြောင်းမှာ မတူခြားနားသော အုပ်စုများအကြား လေ့လာမှုပြုထားခြင်းကြောင့် ဖြစ်ပါသည်။

Source : The Economist နှင့် Vejthani Hospital as of May 6, 2021.



## ကာကွယ်ဆေး စီမံခန့်ခွဲမှု

မြန်မာနိုင်ငံက အခုအချိန်မှာ လူပေါင်း ၁ ဒသမ ၇ သန်းကို ကာကွယ်ဆေး ထိုးနှံပြီး (စုစုပေါင်း လူဦးရေရဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်း) လို့ ဖော်ပြကြပါတယ်။ (နှစ်ကြိမ်ထိုးနှံပြီးလို့ ယူဆနိုင်ပါတယ်)။ အခြားသတင်းများအရ မြန်မာနိုင်ငံ မြောက်ပိုင်း တရုတ်နယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) နယ်မြေတွေမှာ ကိုယ်ပိုင်အစီအစဉ်နဲ့ ကာကွယ်ဆေး ထိုးနှံနေ တယ်လို့ ဖော်ပြကြပါတယ်။

UWSP/UWSA ထိန်းချုပ်ရာ ပန်ဆန်းဗဟိုပြုဒေသတခုလုံးရှိ လူဦးရေ ၅၀၀,၀၀၀၊ ထိုင်းနယ်စပ် မိုင်းဆတ်ခရိုင်အတွင်းရှိ ၁၇၁ စစ်ဒေသတွင် လူဦးရေ ၂၀၀,၀၀၀၊ NDAA ထိန်းချုပ်ရာဒေသရှိ လူဦးရေ ၁၀၀,၀၀၀ ကျော် ကိုဗစ်ကာကွယ်ဆေး ထိုးထားပြီလို့ ဆိုပါတယ်။ SSPP/SSA ထိန်းချုပ်ရာ ဝမ်ဟိုင်းဒေသမှာလည်း လူဦးရေ ၅၀၀,၀၀၀ အထိ ထိုးနှံသွားမယ်လို့ ဆိုပါတယ်။ KIO/KIA ထိန်းချုပ်ရာဒေသများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေပါတယ်။

ကာကွယ်ဆေး ထိုးနှံမှုမှာ ဦးစားပေးအုပ်စုတွေ ရှိပါတယ်။ ဒါပေမဲ့ NLD အစိုးရ ချမှတ်ထားတဲ့မူဝါဒ 'မည်သူတဦးမျှ နောက်မကျန်ရစ်စေရ' သဘောအရ ကာကွယ်ဆေးရရှိမှု တန်းတူညီမျှမှု ရှိဖို့ လိုအပ်ပါတယ်။

**INFOGUIDE**

### ■ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ထိန်းချုပ်ရာဒေသအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် စီးပွားရေး ပြန်လည်နာလန်ထူရေးအတွက် နိုင်ငံအများအပြားက ကာကွယ်ဆေးရရှိရေး ကြိုးပမ်းနေကြသည်။ တချိန်တည်းမှာပင် 'ကာကွယ်ဆေးဆိုင်ရာ သံတမန်ရေး' (Vaccine Diplomacy) ဟူ၍ နိုင်ငံကြီးများက ၎င်းတို့၏သြဇာအတွက် ကာကွယ်ဆေး အကူအညီပေးမှုများ လုပ်ဆောင်လာကြသည်ကိုလည်း တွေ့မြင်ရသည်။ မြန်မာနိုင်ငံအတွက် ထူးခြားချက်တရပ်မှာ အစိုးရဦးဆောင်သော အစီအစဉ်မဟုတ်ဘဲ အစိုးရမဟုတ်သည့် အင်အားစုများ (non-state actors) က ၎င်းတို့ထိန်းချုပ်ရာဒေသများတွင် ကာကွယ်ဆေး ထိုးနှံပေးမှုအစီအစဉ်များ ဆောင်ရွက်လာကြခြင်း ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ဖက်ဒေသ၊ တရုတ်နိုင်ငံနှင့် အိမ်နီးချင်း ကပ်လျက်ဒေသများတွင် တွေ့ရှိရပါသည်။

| စဉ် | ဒေသ | အချက်အလက် |
| --- | --- | --- |
| ၁ | ဝဒေသ (UWSA) ထိန်းချုပ်ရာ | ပန်ဆန်းမြို့ဗဟိုပြု 'ဝ'ဒေသတခုလုံးရှိ လူဦးရေ ၅၀၀,၀၀၀ နှင့် ထိုင်းနယ်စပ် 'ဝ'တောင်ပိုင်းဒေသ မိုင်းဆတ်ခရိုင်အတွင်းရှိ စစ်ဒေသ (၁၇၁)မှ လူဦးရေ ၂၀၀,၀၀၀ တို့အား တရုတ်ဘက်မှ ကူညီပေးခဲ့သည့် Sinovac ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးဖြစ်သည်။ |
| ၂ | မုန်းလားဒေသ | NDAA ထိန်းချုပ်ရာဒေသရှိ လူဦးရေ ၁၀၀,၀၀၀ကျော်ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးထားပြီးဖြစ်သည်။ |
| ၃ | ရှမ်းပြည်နယ်၊ SSPP/SSA ထိန်းချုပ်ဒေသ | SSPP/SSA ထိန်းချုပ်ရာ ဝမ်ဟိုင်းဗဟိုပြုသည့် ဒေသ၌လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံလျက်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းရင်းမြစ်အတွက် မြောက်ပိုင်းမဟာမိတ်အဖွဲ့များဖြစ်သော မုန်းလားမှကျန်းမာရေး လုပ်သားများက ကူညီကြသည်။ လူဦးရေ ၅၀၀,၀၀၀ အထိ ထိုးနှံပေးရန် ရည်ရွယ်ထားပြီး ကာကွယ်ဆေး ထိုးနှံသည့် ပုံများအရ CansinoBio အမျိုးအစားဖြစ်သည်ကို တွေ့ရှိရသည်။ |
| ၄ | ကချင်ပြည်နယ်၊ KIA/KIO ဒေသ | KIO/KIA ကလည်း ၎င်းတို့ထိန်းချုပ်ရာ ဒေသများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးနေသည်။ တရုတ်ဘက်က Sinovac ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၅၀,၀၀၀ ခန့် ပေးထားပြီး၊ လူဦးရေ ၃၅,၀၀၀ ခန့်ကို ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ |
| ၅ | ကိုးကန့်ဒေသ | MNDAA ကိုးကန့်အဖွဲ့ကလည်း ကွတ်ခိုင်မြောက်ဖက်ရှိ မုန်းကိုး-ဖောင်းဆိုင်ဒေသ၊ မုန်းစီး-နားလယ်ဒေသ၊ လားရှိုးအရှေ့ဖက်ရှိ မုန်းကျက်-မုန်းယော်ဒေသများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်။ |

| | | |
|---|---|---|
| ၆ | ပလောင်ဒေသ | PSLF/TNLA ကလည်း ၎င်းတို့ထိန်းချုပ်ရာဒေသများတွင် ကာကွယ်ဆေးထိုးရန် ပြင်ဆင်နေသည်။ |
| ၇ | ရခိုင်ဒေသ | ULA/AA က ရခိုင်ပြည်နယ်အတွင်း ရောဂါကူးစက် ပြန့်နှံ့မှု ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၂၀ ရက်တွင် Stay at home အမိန့်ထုတ်ပြန်ခဲ့သည်။ AA ခေါင်းဆောင်က ကာကွယ်ဆေးထိုးကြရန် တိုက်တွန်းထားပြီး၊ ထိုးနှံမည့် အစီအစဉ်ကို မသိရသေးပါ။ |
| ၈ | မြန်မာနိုင်ငံတောင်ပိုင်း KNU နှင့် အခြားအဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသ | NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) က ဇူလိုင် ၂၄ ရက်တွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေး ကော်မတီကို ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းစဉ်ရှစ်ခုဖြင့် အကောင်အထည်ဖော်မည်ဟု ဖော်ပြထားသည်။ ဒေါက်တာစင်သီယာမောင် ဦးဆောင်သော ကိုဗစ် ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (Covid-19 Task Force - CTF) ကို ဇူလိုင် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းစဉ် အသေးစိတ်ကို မသိရသေးပါ။ |

**မည်သည့်ကာကွယ်ဆေးများ သုံးသနည်း**

သတင်းများအရ တရုတ်ဘက်မှပေးသော Sinovac ကာကွယ်ဆေးနှင့် CanSinoBio အမျိုးအစား ကာကွယ်ဆေးများဖြစ်သည်။ CanSinoBio ကို အာဂျင်တီးနား၊ ချီလီ၊ ပါကစ္စတန်၊ ရုရှား၊ မက္ကဆီကိုတို့တွင် သုံးနေကြသည်ဟုဆိုသည်။ တရုတ်နိုင်ငံ ကြက်ခြေနီအသင်း (Red Cross Society of China) မှတဆင့် ထောက်ပံ့ကူညီသည်ဟု ယူဆနိုင်သော်လည်း အတည်ပြုနိုင်ခြင်း မရှိသေးပေ။ တကြိမ်သာ ဆေးထိုးရန်လိုအပ်ပြီး ထိရောက်မှု ၆၅-၆၉ ရာခိုင်နှုန်း ရှိသည်ဟု လေ့လာချက်များက ဖော်ပြကြသည်။ ပြုပြင်ထားသော adenovirus Type-5 ဖြင့် ထုတ်လုပ်သည့်နည်းပညာကို သုံးထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) က ကာကွယ်ဆေးများကို စိစစ် အသိအမှတ်ပြု ထုတ်ပေးခြင်းများရှိသည်။ အကြောင်းမှာ လုံခြုံဘေးကင်းပြီး၊ ထိရောက်သော ကာကွယ်ဆေး (Safe and effective vaccine) ရရှိရန် လိုအပ်သောကြောင့်ဖြစ်သည်။ တချိန်တည်းမှာပင် တန်းတူညီမျှ (equitable) ရရှိနိုင်မှုသည်လည်း အရေးကြီးကြောင်း ဖော်ပြထားသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က ပြုစုထားခြင်း ဖြစ်သည်။

## အချိန်ဇယား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) ကတော့ လူဦးရေ ဘယ်မျှအတိုင်းအတာကူးစက်၊ တနည်း ကာကွယ်ဆေးရရှိတဲ့အခါ အုပ်စုလိုက်ခုခံအား (herd immunity) သို့မဟုတ် လူဦးရေခုခံအား (population immunity) ရရှိမယ်ဆိုတာ အတိအကျ တွက်ချက်ဖော်ပြတာ မရှိပါဘူး။ ဝက်သက်ရောဂါ (measles) တုန်းက လူဦးရေ ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးထိုးပေးဖို့ လိုအပ်ပါတယ်။ အလားတူ ပိုလီယိုရောဂါအတွက် လူဦးရေ ၈၀ ရာခိုင်နှုန်းတိုင် အနိမ့်ဆုံး ကာကွယ်ဆေးထိုးပေးဖို့ လိုအပ်ပါတယ်။ အခုအခါ နိုင်ငံအများစုက လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းတိုင် ကာကွယ်ဆေးရရှိရေးအတွက် ကြိုးပမ်းရုန်းကန်နေကြပါတယ်။

## မြန်မာနိုင်ငံအဖို့ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ဘယ်အချိန်မှာ ကာကွယ်ဆေး ထိုးနှံပြီးစီးနိုင်မလဲ

စစ်ကောင်စီက ၂၀၂၂ ခုနှစ်အတွင်း လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးနှံပေးနိုင်မယ်လို့ မှန်းပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကတော့ မြန်မာ့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး စတင်ထိုးနှံပေးတော့မယ်လို့ ဆိုပါတယ်။ အခုလထဲမှာပဲ နည်းလမ်းနှစ်သွယ်နဲ့ စတင်ထိုးနှံပေးဖို့ရှိပြီး ပထမဦးစားပေးအနေနဲ့ ကာကွယ်ဆေးခြောက်သန်း ရဖို့ရှိတယ်လို့ NUG က ပြောထားပါတယ်။ NUG ရဲ့ နည်းလမ်းနှစ်သွယ်အနက် ပထမနည်းလမ်းက ရလာတဲ့ ကာကွယ်ဆေးတွေကို တိုင်းရင်းသားဒေသတွေမှာ ထိုးပေးမှာဖြစ်ပါတယ်။

ဒုတိယနည်းလမ်းကတော့ တတိယအဖွဲ့အစည်းတွေက ထိုးနှံပေးမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အခုရလာတဲ့ ကာကွယ်ဆေးတွေက အရင် NLD အစိုးရလက်ထက်က လုပ်ခဲ့တာတွေကို ဆက်လက်ပြီး ကြိုးစားဆောင်ရွက်တာ ဖြစ်တယ်လို့လည်း ပြောထားပါတယ်။ NUG က ထိုးနှံပေးမယ့် ကာကွယ်ဆေးအမျိုးအစားကိုတော့ မသိရသေးပါဘူး။

Economist Intelligence Unit (EIU) ရဲ့သုံးသပ်ချက်အရ မြန်မာနိုင်ငံအပါအဝင် လာအို၊ မြောက်ကိုရီးယား၊ တီမောလက်စတီ စတဲ့နိုင်ငံတွေက ၂၀၂၅ အလွန်ကာလမှသာ လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်း ကာကွယ်ဆေး ထိုးနှံပြီးစီးမယ်လို့ ဖော်ပြပါတယ်။ EIU နဲ့ Our World in Data တွေကို ကိုးကားတွက်ချက်ပြီး ဖော်ပြထားတဲ့ Nikkei Asia ဆောင်းပါးသုံးသပ်ချက်မှာတော့ ၂၀၂၃ ခုနှစ် အလွန်မှသာ ကာကွယ်ဆေးထိုးနှံမှုတွေ လုံလောက်မယ်လို့ ဖော်ပြပါတယ်။

EIU ရဲ့ နိုင်ငံအလိုက် စီးပွားရေး အခြေအနေ အစီရင်ခံစာ (ဇူလိုင် ၂၄၊ ၂၀၂၁) မှာတော့ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံက ကာကွယ်ဆေးတွေ ရဖို့ ထုတ်ဖော်ပြောကြားထားတယ်။

INFOGUIDE

## အာရှနိုင်ငံများ၏ ကိုဗစ်ကာကွယ်ဆေး ထိုးနိုင်မှု အချိန်ပြဇယား

(နိုင်ငံ့လူဦးရေ ၆၀ ရာခိုင်နှုန်းအထက် လွှမ်းခြုံထိုးပေးနိုင်မည့် ခန့်မှန်းချက်)




အာရှနိုင်ငံများ၏ တနိုင်ငံချင်းစီအလိုက် လူဦးရေ ၆၀ ရာခိုင်နှုန်းနှင့်အထက်အား လွှမ်းခြုံနိုင်သော ကိုဗစ်ကာကွယ်ဆေး ထိုးပေးနိုင်မှု နှစ်အလိုက်အချိန်ပြဇယား ခန့်မှန်းတွက်ချက်မှု ဖြစ်သည်။ အဆိုပါတွက်ချက်မှုအရလည်း မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ်အလွန်မှသာ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးပေးနိုင်မည်ဟု ခန့်မှန်းထားပါသည်။ ယခုခန့်မှန်းချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက်အထိ နောက်ဆုံးရရှိထားသော အချက်အလက်များအား အခြေပြု၍ Economist Intelligence Unit (EIU) က တွက်ချက်ထားခြင်း ဖြစ်သည်။ NLD အစိုးရ၏ မူလလျာထားချက်တွင် ၂၀၂၁ ခုနှစ်အတွင်း လူဦးရေ ၄၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ထိုးပေးရန် ရည်ရွယ်ထားသည်။ အာဏာသိမ်းစစ်ကောင်စီကမူ ယခုနှစ်ကုန်ပိုင်းတွင် လူဦးရေ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးပေးမည်ဟု ဆိုထားသည်။

Source : The Economist Intelligence Unit

## အကြံပြုချက်များနှင့် ဆက်လက်ဆွေးနွေးဖွယ် အကြောင်းများ

မြန်မာနိုင်ငံအနေနဲ့ ထိရောက်တဲ့ ကာကွယ်ဆေးဖြန့်ဝေမှု၊ လူသားရင်းမြစ်နဲ့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံရဲ့ AHA၊ ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်း စာနာမှုညှိနှိုင်းရေးမှူးရုံး (OCHA) တွေနဲ့ ပူးပေါင်း ဆောင်ရွက်သင့်ပါတယ်။ ဒီအတွက် ဘယ်လို ဆောင်ရွက်သင့်တယ်ဆိုတာကို ပြီးခဲ့တဲ့ ဇူလိုင် ၂၀ ရက်မှာ ISP-Myanmar က ဖော်ပြထားတဲ့ 'ကိုဗစ် တတိယလှိုင်း အကျပ်အတည်းကို လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာအကူအညီဖြင့် ဖြေရှင်းရေး မူဝါဒအကြံပြုချက်' မှာလည်း အကျယ်တဝင့် ဖတ်နိုင်ပါတယ်။

**'ကိုဗစ်တတိယလှိုင်း အကျပ်အတည်းကို လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာအကူအညီဖြင့် ဖြေရှင်းရေး မူဝါဒအကြံပြုချက်'**
https://www.ispmyanmar.com/burmese/2021/07/20/pe1/

ဒေါ့အပြင် ဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် တကျောင်းတဂါထာထိုးနှံမှုတွေမှာ ကာကွယ်ဆေးရဲ့ လုံခြုံစိတ်ချရမှုနဲ့ ထိရောက်မှုစတဲ့ အရည်အသွေး၊ ထိုးနှံပုံ၊ မှတ်တမ်းမှတ်ရာထားရှိပုံကအစ စည်းစနစ်ရှိရေး ဦးစားပေးသင့်ပါတယ်။ ကာကွယ်ဆေးထိုးနှံပြီးနောက် ထိရောက်မှု ပြန်လည်သုံးသပ်မှုဟာလည်း မရှိမဖြစ် လိုအပ်တဲ့ဖြစ်စဉ်ပါ။ ကာကွယ်ဆေးအာနိသင်ကို သိရှိနိုင်တဲ့အပြင်၊ လိုအပ်တဲ့ နောက်ဆက်တွဲ သုတေသနများလည်း ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

တတ်နိုင်သမျှ သတင်းအချက်လက် ဖလှယ်တာ၊ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်တာ၊ ပဋိပက္ခကြောင့်၊ စစ်မက်ပြိုင်မှုတွေကြောင့် အင်အားစုတွေအကြား ပူးပေါင်းဆောင်ရွက်မှု မဖြစ်နိုင်သေးရင်တောင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့လို၊ ကျန် လွတ်လပ်တဲ့ အဖွဲ့စည်းတွေကတဆင့် အချက်အလက်ဖလှယ်၊ မှတ်တမ်းမှတ်ရာဖလှယ်တာမျိုးတွေကို ဆောင်ရွက်သင့်ပါတယ်။ ကာကွယ်ဆေးထိုးနှံမှုမှာ ကပ်ဘေး ကယ်ဆယ်ရေး အဓိကဖြစ်သင့်ပြီး၊ နိုင်ငံရေးကွဲပြားမှုတွေကို အလွန်အကျူး ရှေ့တန်းတင် အမြတ်ထုတ်တာမျိုး မပြုလုပ်ကြဖို့လည်း လိုအပ်ပါတယ်။ တချိန်တည်းမှာ ကာကွယ်ဆေးထိုးနှံမှုမှာ လူမှုတရားမျှတမှု (social justice) အခြေအနေကိုပါ အလေးအနက် ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ■

### ရည်ညွှန်းကိုးကား


Centers for Disease Control and Prevention. (2019, October 30). *Vaccinate with Confidence.* https://www.cdc.gov/vaccines/partners/vaccinate-with-confidence.html [Access date: July 20,2021]

D'Souza, G., & Dowdy, D. (2021, April 7). *What is Herd Immunity and How Can We Achieve It With COVID-19?* Johns Hopkins Bloomberg School of Public Health. https://www.jhsph.edu/covid-19/articles/achieving-herd-immunity-with-covid19.html . [Access date: July 20, 2021]

European Commission. (2020, June 17). *Coronavirus: Commission unveils EU vaccines strategy.* European Commission. https://ec.europa.eu/commission/presscorner/detail/en/IP_20_1103 [Access date: July 23,2021]

Johns Hopkins University & Medicine. (2021). *Report Series: A Primer on Covid-19 Vaccine Development,* Allocation and Deployment. Johns Hopkins Coronavirus Resource Center. https://coronavirus.jhu.edu/vaccines/report [Access date: July 20, 2021]

Li, G. (2021, July 6). *Asia's new COVID waves.* Nikkei Asia. https://asia.nikkei.com/Spotlight/The-Big-Story/Asia-s-new-COVID-waves . [Access date: July 26, 2021]

Paddock, R. C. (2021, July 4). *Virus Surges in Myanmar After Coup.* The New York Times. https://www.nytimes.com/2021/07/01/world/asia/covid-myanmar-coup.htm

World Health Organisation. (n.d.). *Coronavirus disease (COVID-19): Herd immunity, lockdowns and COVID-19.* WHO. Retrieved July 29, 2021, from https://www.who.int/news-room/q-a-detail/herd-immunity-lockdowns-and-covid-19 [Access date: July 20,2021]

The Economic Intelligence Unit. (2021, May 4). *Myanmar- Asia's Covid-19 vaccination timeline: still playing catch-up.*

The Economist Intelligence Unit. (2021, July). *Country Report - Myanmar* (3rd Quarter 2021). Economist Intelligence Unit Limited. [Access date: July 26, 2021]